THE EDUCATION STATE

# ပုံမှန်ကျောင်းသို့ ပြောင်းရွှေ့ရေးအတွက် အကြံဉာဏ်များ

သင့်ကလေး
အကျွမ်းတဝင်ရှိစေရန်
သေချာအောင် ကျောင်းအသစ်ကို
သွားရောက်ပါ။ အိမ်မှကျောင်း ,
အသွားအပြန်ခရီးကို လေ့ကျင့်ထားပါ။

အကယ်၍ သင် သင့်ကလေးအား
ကျောင်းဆင်းချိန်နောက်ပိုင်း
သွားကြိုမည်ဆိုလျှင် အချိန်နှင့်နေရာကို
သဘောတူထားပါ။
အချို့ကျောင်းများသည်
အကယ်၍ သင် လိုအပ်လျှင်
ကျောင်းချိန်နောက်ပိုင်း
ကလေးထိန်းပေးပါသည်။

သတင်းဟောပြောပွဲများကို
တက်ရောက်ပြီး
သင့်ကလေးအား
အသားကျအောင်လုပ်ပေးသည့်
လုပ်စရာများကို ပါဝင်လုပ်ရန်
တိုက်တွန်းပေးပါ။

ကျောင်းတွင်
သင့်လူမျိုးဘာသာစကားပြောသည့်
ဘာသာစကားစုံ ပညာရေး အကူ (MEA)
ရှိမရှိစစ်ဆေးပါ။

အကယ်၍ လိုအပ်လျှင် အခမဲ့
စကားပြန် ဝန်ဆောင်မှုများအတွက်
သင့်ကလေး၏ကျောင်းကို
ဆက်သွယ်ပါ။ ကျောင်းကိုဆက်သွယ်ရ
မည့်ဖုန်းနံပါတ်ကို သိရှိထားပါ။

ကျောင်းအား သင့်ကိုဆက်သွယ်ရမည့်
လိပ်စာ ဖုန်းနံပါတ်များကို ပေးထားပါ၊
သို့မှသာ လိုအပ်လျှင် သင့်အား
ဆက်သွယ်ပါမည်။ ကျောင်းအား
ဆက်သွယ်ရမည့်ဖုန်းနံပါတ်ကို
သိရှိထားပါ။

အချိန်ဇယားမိတ္တူတစ်စောင်ကို
ရယူထားပါ သို့မှသာ
သင်သည် သင့်ကလေး
မည်သည့်အတန်းများတွင် ရှိနေကြောင်း
သင် သိရှိမည်ဖြစ်သည်။ အကယ်၍
သင့်ကလေး ကျောင်းပျက်ကွက်မည်ဆိုလျှင်
သို့မဟုတ် ကျောင်းနောက်ကျမည်ဆိုလျှင်
ကျောင်းကိုပြောထားပါ။

အကယ်၍ သင့်ကလေးတွင်
ရောဂါတစ်ခုခုရှိလျှင် သို့မဟုတ်
အထူးလိုအပ်ချက် တစ်ခုခုရှိလျှင်
ကျောင်းကို အသိပေးထားပါ။ အကယ်၍
သင့်တွင် စိုးရိမ်ပူပန်မှု တစ်ခုခုရှိလျှင်
ကျောင်းကိုပြောထားပါ။

ကျောင်းစမတက်မီ၊
သင့်ကလေး၏ ကျောင်းဝတ်စုံကို
ဝယ်ထားပါ။ အချို့ကျောင်းများသည်
တစ်ပတ်နွမ်း ဝတ်စုံများကိုလည်း
ရောင်းပါလိမ့်မည်။

လိုအပ်သည့် စာအုပ်များနှင့်
စာရေးကိရိယာကို ရယူထားပါ – စာ
အုပ်စာရေးကိရိယာစာရင်းတစ်ခု
နှင့် ၎င်းပစ္စည်းများကို မည်ကဲ့သို့
မှာယူရကြောင်း ကျောင်းအား
မေးပါ။

သင့်ကလေး၏ နံမည်ကို
အဝတ်အစားနှင့်ကိရိယာကဲ့သို့သော
သူတို့၏ ပိုင်ဆိုင်ပစ္စည်း
အားလုံးပေါ် တွင် ရေးသားထားပါ။

ကျောင်းသူကျောင်းသားများတွင်
laptop သို့မဟုတ်
iPad တစ်ခု ရှိနေစေရန်
ကျောင်းမှ သတ်မှတ်နိုင်သည်။
မည်သည့်အမျိုးအစားကို
သင့်ကလေး လိုအပ်မည်ဖြစ်ကြောင်း
ကျောင်းကိုမေးပါ။

ကျန်းမာရေးနှင့်ညီညွတ်သော
အစားအစာကို ထုပ်ပိုးပေးပါ။ ကျောင်းတွင်
မုန့်ရောင်းဆိုင် ရှိမရှိစုံစမ်းပါ။

အိမ်စာ အသင်းများ သို့မဟုတ်
ကျောင်းချိန်နောက်ပိုင်း
အခြား လှုပ်ရှားမှုများကို
ပူးပေါင်းပါဝင်လုပ်ရန်
သင့်ကလေးအား တိုက်တွန်းပါ။

အကယ်၍ ငွေကြေးအကူအညီလိုအပ်လျှင်
ကျောင်းစရိတ်များကို ကာမိရန်
ငွေကြေးအကူအညီအတွက်
သင့်ကလေး ကျောင်းကို
ဆက်သွယ်ပါ။

ပိုမိုသိရှိလိုသော အချက်အလက်များအတွက် **www.education.vic.gov.au/parents/going-to-school** တွင်ကြည့်ရှုပါ။

19-0008

VICTORIA State Government | Education and Training